# မင်းသာ ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းသာကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ

မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဉ တုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဂအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား–မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ– လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# မင်းသာကျေးရွာ သယံဇာတပြမြေပုံ



# မင်းသာ ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၀-၂၀၂၄) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ

ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

Asiyin( PC)

## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ် ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေ သောအချက်များ အပေါ်အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

### (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

## ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာ၏ တည်နေရာအနေအထားမှာ မြေပြန့်ဖြစ်၍ ပြန့်ဖြူးသော အနေအထားတွင်တည်ရှိနေသည် ။ ရာသီဉ တုသည် မိုးကောင်းပြီး စိုက်ပျိုးရန်အတွက် အလွန်ကောင်းသည်။ ကျေးရွာ၏ အရှေ့ဖက် ဘုန်းတော်ကြီးကျောင်းဘေးတွင် စွန်လည်ချောင်း မြောက်ဘက်တွင် အောက်တောင်းချောင်းသို့ နွေ ၊ မိုး၊ ဆောင်း သုံးရာသီကာလပတ်လုံး စီးဆင်းနေ၍ သောက်သုံးရေ နှင့်စိုက်ပျိုးရေများအတွက် လုံလောက်မှုရှိနေ၍ ကျေးရွာ၏ ပထဝီဝင် အနေအထားမှာ စိုက်ပျိုးရန်အတွက် မြေဆီလွှာ  အတော်အသင့်ကောင်းမွန်စွာ တည်ရှိနေပါသည်။

### သဘာဝအရင်းအမြစ်များ

ကျေးရွာပိုင် ဧရိယာအတွင်းတွင် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲနိုင်မှု အခြေအနေများမှာ ရွာ၏အရှေ့ဖက်ခြမ်းတွင် စွန်လည်ချောင်းတည်ရှိနေသဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် ရေအလွယ်တကူရရှိနိုင်ပြီး အဆောက်အဦးများနှင့် လမ်းတံတားများအတွက် ကျောက်နှင့်သဲနုံးသဲကြမ်းများ ထုတ်ယူသုံးစွဲနိုင်ပါသည်။ကျေးရွာပတ်ဝန်းကျင်တွင် မြေလွတ်မြေရိုင်းများ တည်ရှိနေသေးသဖြင့် လယ်ယာများ ဖော်ထုတ်လုပ်ကိုင်နိုင်သည်။

### လူဦးရေဆိုင်ရာအချက်လက်များ

အိမ်ထောင်စုပေါင်း (၆၁၀)စုနှင့် ကျား (၁၅၂၇)၊ မ(၁၅၃၀)ဦးဖြင့် လူဦးရေပေါင်း (၃၀၅၇)ဦး ရှိကာတစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ဦး နှုန်း ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း(၅)ဦးနှုန်းနှင့် ကိုက်ညီပါသည်။ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပါသည်။

## စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာလူထုအဓိကမှီခိုနေရသည့် ဝင်ငွေရလမ်းကြောင်းများမှာ တောင်သူများကို မှီခိုနေရပြီး သီးနှံစိုက်ပျိုးရိတ်သိမ်းချိန်တွင် လုပ်အားခတစ်နေ့ဝင်ငွေမှာ (၃၅၀၀) ကျပ်ဖြစ်သည်။ ကျေးရွာအိမ်ထောင်စုများ၏ ဆင်းရဲချမ်းသာအဆင့်မှာ ၁၀ % သည် စီးပွားရေးအဆင်ပြေသူဖြစ်ပြီး ၊ ကျပန်းလက်လုပ်လက်စားမှာ ၇၅% နှင့် ကျန် ၂၅% မှာ တောင်သူလုပ်ကိုင်သူများဖြစ်ကြသည်။ လယ်ယာမြေပိုင်ဆိုင်ခွင့် ရရှိနိုင်ရန် မြေလွတ်မြေရိုင်းများဖော်ထုတ်ခွင့်ပြုပါက လယ်ယာမြေများပိုင်ဆိုင်လာနိုင်လျှင် ဝင်ငွေတိုးပွားပြီး ဝမ်းစာဖူလုံလာနိုင်မည်။

## ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာလူထုမှာ (၃) လနှင့် (၆)လ ကြားဝမ်းစာဖူလုံမှုမရှိသဖြင့် ထိခိုက်နစ်နာမှုမှာ ငွေကြေးချေးယူရမှု အဓိကပြဿနာဖြစ်သည့် (၁) အလုပ်အကိုင်ဝင်ငွေရလမ်းရှားပါးခြင်း (၂) ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း (၃)ဒေသတွင်းစက်ရုံ၊ အလုပ်ရုံများမရှိခြင်း

## ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရာသီအလိုက်ဖြစ်ပွားသောရောဂါများမှာတုတ်ကွေး၊ ဝမ်းပျက်ဝမ်းလေျာ ၊ငှက်ဖျားရောဂါများဖြစ်သည်။ ရာသီအလိုက်ဖြစ်ပွားသောရောဂါများကို ကြိုတင်နှိုးဆော် ကာ ကာကွယ်ပေးမှုများ ဆောင်ရွက်သင့်သည်။ ကျန်းမာရေးအသိပညာပေး နှင့် သင်တန်း များဖွင့်ပေးခြင်း၊ ကျေးရွာကျန်းမာရေးဆိုင်ရာအဆောက်အဦး ၊ အသုံးအဆောင် ဆေးဝါး နှင့် ကျွမ်းကျင်ဝန်ထမ်း လိုအပ်ဆဲဖြစ်သည်။ အာဟာရလိုအပ်ချက်မှာ နိမ့်အဆင့်တွင် ရှိပါသည်။

## ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်တတ်မြောက်ကြပြီး အလယ်တန်း ၊ အထက်တန်း နှင့် တက္ကသိုလ်တွဲ့ရသူများလည်းအတော်အသင့်ရှိပါသည်။ ရိုးရာလက်မှု ပညာတတ်ကျွမ်းမှု

မှာလည်း နည်းပါးပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ အလွန်နိမ့်ကျပြီး လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၇)ဖွဲ့ ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့်စီးပွားရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့တို့ရှိပါသည်။ ကျေးရွာတွင် လူငယ်အဖွဲ့အစည်းမှာ လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာတွင် သမဝါယမအသင်းကို မြို့နယ်မှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစု ၊ ငွေချေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြသည်။

**သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ မုန်ညင်းနှင့် ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၀၀) ဧကရှိပြီး သီးထပ်အဖြစ် မြေပဲ (၃၀) ဧက စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်မှာ တစ်ဧကလျှင် (၆၅)တင်း နှင့် မြေပဲ(၃၀)တင်း နှုန်းထွက်ရှိကြသည်။လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ် ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်၍ ကုန်ကျစရိတ်မြင့်မားသည်။ ကျေးရွာတွင် ဒေသ ဝက် နှင့် ကြက်မွေးမြူသည့် အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏(၂၅%)ခန့်ရှိသည်။ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းများ တည်ထောင် တိုးချဲ့ဆောင်ရွက် နိုင်ရန် အလွယ်တကူချေးငွေမရရှိနိုင်ကြချေ။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းအား အကောင်အထည်ဖော်နေဆဲဖြစ်ပါသည်။

**စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းလုပ်ငန်းမရှိပါ ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များဖြစ်သော လက်လုပ်လက်စား အလုပ်အကိုင်များမှာ စိုက်ပျိုးရာသီများတွင်သာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသော်လည်း အသက်မွေး ဝမ်းကျောင်း အချို့ကို တက်ရောက်သင်ကြားရန် အခွင့်အရေးနည်းပါးသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်ဝပ်လျှော့တို့သည် အသက်မွေးဝမ်း ကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြပါ။

## ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာ၏ စိုက်ပျိုးမြေများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့်ဓာတုမြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လဲ ပလတ်စတစ်၊ အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်း ဒေသဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ် ၊ ငလျင် နှင့် ရေကြီးရေလွှမ်းမိုးခြင်းတို့မှ တွေ့ကြုံရမှု နည်းပါးသည်။

## ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေအားတစ်နှစ်လျှင် ၈၅ပြား အတိုးနှင့် လယ်တစ်ဧကလျှင် တစ်သိန်းငါးသောင်း ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။

## ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေးမှာ အထက်တန်းကျောင်းရှိသည်။ ကျန်းမာရေးမှာ ဌာနလည်းရှိပါသည်။ သောက်သုံးရေအတွက် တွင်းရေကိုအသုံးပြု၍ ချိုးရေမှာ ချောင်းရေကိုအသုံးပြုရပါသည်။

## အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊

၂၀၁၄ခုနှစ်တွင် ၅ မိုင် ၅ ဖာလုံအရှည်ရှိ ကျောက်ချောလမ်းကို ကျေးလက်ဦးစီးဌာန က ခင်းပေးခဲ့ပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများ အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းဆက်သွယ်ရေး အသုံးပြုမှုမရှိပဲ

လမ်းပန်းဆက်သွယ် ရေးအတွက် ဆိုင်ကယ်နှင့်စက်ဘီးကို အသုံးပြုကြသည်။ ကျေးရွာတွင် ဆိုလာမီးကို ၂၀၁၅ ခုနှစ်တွင် နတလ ဦးစီးဌာနမှ တစ်အိမ်တစ်လုံးပေးဝေခဲ့သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးတွင် MPT,Telenor,Ooredoo ကွန်ရက်များဖြင့် ဆက်သွယ်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး စာအုပ်နှင့် သတင်းစာ၊ဂျာနယ်တို့ ပြည့်စုံစွာမရှိပါ။

## ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

ကျေးရွာအတွင်း ရာဇဝတ်မှုခင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ဆက်သွယ်နိုင်သည်။

## ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထ ဒီဇယ်အင်ဂျင်ဖြင့် ရရှိသော်လည်း လုံလောက်မှုမရှိ၍ ရေအားလျှပ်စစ် ဆောက်လုပ်ပေးပါက ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/ကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အထောက်အကူ ပြုနေသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြား၍ လူငယ်များကို အသက်မွေးဝမ်းကျောင်းသင်တန်းများလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကိုတိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ရွာသားများအနေဖြင့် ခမ်းပါတ်မြို့နယ်ဆေးရုံသို့ တက်ရောက်ကုသနိုင်သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် ကောင်းမွန်သည်။

သဘာဝရင်းမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို ကျေးရွာတွင် အလွယ်တကူသွားလာရောင်းချ ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကိုအချိန်မှီတင်ပို့ရောင်းချနိုင်သည်။ ကျေးရွာတွင် မွေးမြူရေးအတွက် ကုန်ကြမ်းများဖြစ်သော ဖွဲ၊ ဆန်ကွဲများ ရရှိနိုင်သော်လည်း မွေး/ကု ဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်း ဝန်ဆောင်မှု မရရှိ၍ စီးပွားဖြစ် မွေးမြူနိုင်ခြင်း မရှိသေးပါ။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါး၍ တည်ငြိမ်အေးချမ်းပြီး မိုဘိုင်းဖုန်း ဆက်သွယ်ရေး အထူးကောင်းမွန်သည်။

## အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ ကမ္ဘာကြီးဆည်မှ ရေသွင်းမြောင်း သွယ်တန်းပေးနိုင်ပါက စိုက်ပျိုးမြေဧက (၄၀၀) ကျော် ရေသွင်းစိုက်ပျိုးနိုင်၍ စပါးထွက်နှုန်းတိုးမြှင့်လာနိုင်မည်။ သီးနှံများပေါ်တွင် တစ်ခါတစ်ရံ ဖျက်ပိုး ကျရောက်တတ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုကို ရရှိသော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမြင့်မားပြီး ကျေးရွာသားများ အနေဖြင့် ဘဏ်များမှ ငွေချေးယူ၍ မရနိုင်ပါ။

ကျေးရွာအတွင်း ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။

## ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(၁) စိုက်ပျိုးမြေများတွင် မျိုးကောင်းမျိုးသန့် အတွက် အထွက်တိုးသီးနှံများကို အသုံးပြု၍ထုတ်ကုန်တိုးမြှင့်လာစေရမည်။

(၂) ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဖြစ်သို့ တိုးမြှင့်၍ ဆက်သွယ်ရေး ပိုမိုကောင်းမွန်ကာ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ပိုမိုလျှင်မြန်ချောမွေ့စေရမည်။

(၃) ကျေးရွာရှိ အလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ကာ ကျေးရွာသားတိုင်း အနည်းဆုံးအလယ်တန်းပညာ ပြီးမြောက်စေရမည်။

**ဆောင်ရွက်မည့်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိ ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ဆည်မြောင်းလမ်းတံတားများ တည်ဆောက်ပေးပါက ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

ကျန်းမာရေး နှင့် ပညာရေးအဆောက်အဦးများ တည်ဆောက်ပေးပါက ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

ကျေးရွာလူမှုရေးအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

**ကျေးရွာ၏ဦးစားပေးစီမံချက်များ**

မင်းသာ ကျေးရွာ　　　　　　　　　　　　　　　　　　　　တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
| --- | --- | --- | --- |

| | | | |
|---|---|---|---|
| ၁ | ဆည်မြောင်းများပြုပြင်တည်ဆောက်ရေးစီမံချက် | ၁၀၀ | ၁ |
| ၂ | ကျေးရွာတွင်းလမ်းတံတားများပြုပြင်ရေးစီမံချက် | ၈၅ | ၂ |
| ၃ | စပါးမျိုးကောင်းမျိုးသန့်ရရှိရေးစီမံချက် | ၇၃ | ၃ |
| ၄ | ဆရာ/ဆရာမ အိမ်ယာ လုံလောက်မှုမရှိခြင်း | ၇၀ | ၄ |
| ၅ | သီးနှံအထွက်နှုန်းကောင်းမွန်လာစေရေးစီမံချက် | ၆၄ | ၅ |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန် ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|
| ၁။ ဆည်မြောင်းများပြုပြင်တည်ဆောက် ရေးစီမံချက် | ၁ | √ | - | - | - | - |
| ၂။ကျေးရွာတွင်းလမ်းတံတားများပြုပြင် ရေးစီမံချက် | ၂ | - | √ | - | - | - |
| ၃။ စပါးမျိုးကောင်းမျိုးသန့်ရရှိရေးစီမံချက် | ၃ | - | - | √ | - | - |
| ၄။ ဆရာ/ဆရာမ အိမ်ယာ လုံလောက်မှုမရှိခြင်း | ၄ | - | - | - | √ | - |
| ၅။ သီးနှံအထွက်နှုန်းကောင်းမွန်လာစေ ရေးစီမံချက် | ၅ | - | - | - | - | √ |
| | | | | | | |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄၈ | ၄၀ | ၈၈ | |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၄၅ | ၁၃၈ | ၂၈၃ | |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂၀ | ၂၃၇ | ၄၅၇ | |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၆၀ | ၂၆၈ | ၅၂၈ | |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၅၆ | ၇၄၂ | ၁၄၉၈ | |
| ၆၀ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၉၈ | ၁၀၅ | ၂၀၃ | |
| **စုစုပေါင်း လူဦးရေ** | | **၁၅၂၇** | **၁၅၃၀** | **၃၀၅၇** | |
| **စုစုပေါင်း အိမ်ထောင်စု – ၆၁၀ စု** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅ ဦး** | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာ၏ အိမ်ခြေနှင့်လူဦးရေ အပိုင်းအခြားအရ သက်ကြီးရွယ်အိုနည်းပါးပြီး ကျောင်းနေအရွယ်နှင့်ကလေးငယ်များ အနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာကျေးရွာတွင် အများဆုံးဖြစ်ပါသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်ပိုများကြောင်းတွေ့ရှိရပါသည်။**

…………………………………………………………………………………………

…………………………………………………………………………………………

**(၁.၂)     အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃ | | | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၇ | | | ၅ | အခါအားလျော်စွာ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၂ | အရောင်းအဝယ် |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | ၁ | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | မရှိ | | | | |

| စဥ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | ၂ | ၃ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| | **စုစုပေါင်း** | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက် ။ ။ကျေးရွာအိမ်ထောင်စုအားလုံး၏ (၂၅%) ခန့်သာ တောင်သူလယ်သမားများဖြစ်ကြပြီး ကျန် ၇၅% မှာ ကျပန်း၊ လက်လုပ်လက်စားများ ဖြစ်ကြပါသည်။**

………………………………………………………………………………………

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | အနည်းဆုံး (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|

| | | | ကျား | မ | ကျား | မ | |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ေ ေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့ စား | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၂၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့ စား | မရှိ | မရှိ | မရှိ | မရှိ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ နေ့စားလုပ်ကိုင်ကြသူများသည် အမျိုးသားများမှာ တစ်ရက်လျှင် အများဆုံး (၅၀၀၀) ကျပ်မှ အနည်းဆုံး (၂၅၀၀) ကျပ်ထိရရှိကြပြီး အမျိုးသမီးများမှာ တစ်ရက်လျှင် အများဆုံး ၃၅၀၀ ကျပ်မှ အနည်းဆုံး ၂၀၀၀ ကျပ်ထိ ရရှိကြပါသည်။ လယ်ယာလုပ်ငန်းနေ့စားလုပ်အားခထက် ဆောက်လုပ်ရေး၊ ပန်းရံနေ့စား လုပ်အားခပိုများပါသည်။**

……………………………………………………………………………………………

……………………………………………………………………………………………

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ကေ ) |
|---|---|---|---|---|
| လယ်မြေ | ၃၀၀ | ညံ့ | မရ | |
| ယာမြေ /တောင်ယာ | ၁၂၅ | သင့် | - | |
| ဥယျာဉ်ခြံမြေ | | - | - | |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | |
| နှစ်ရှည်သီးနှံ စိုက်ခင်း | - | - | - | |
| ရွှေ့ပြောင်းတောင် ယာမြေ | - | - | - | |
| ကိုင်း/ကျွန်းမြေ | - | - | - | |
| စားကျက်မြေ | - | - | - | |
| ပလပ်မြေ | - | - | - | |
| အခြား | - | - | - | |
| စုစုပေါင်း | | | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ရေရရှိသည့် နေရာအမျိုးအစားမှာ ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေများမှစိုက်ပျိုးသည့် လယ်မြေများမရှိပါ။

---

(၁.၃.၂) ခာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လမ်းမမီ |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်

များမရှိပါကြောင်း တွေ့ရှိရပါသည်။

…………………………………………………………………………………………

……..

**(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ် အလတ်ရှိ သော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာ ပိုင်ဆိုင်မှု | | | | |
| အိမ်အခြေအနေ | သွပ်မိုး၊ ပျဉ်ထောင် | ပျဉ်ထောင်/ သက်ငယ်မိုး | ပျဉ်ထောင်/ သက်ငယ်မိုး | ကပ်ကာ- သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ ကျွဲ၊နွား | ကျွဲ၊နွား | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊ တီဗီ၊ စလောင်း | တီဗီ၊ စလောင်း | မရှိ | မရှိ |
| အဓိကစီးပွား ရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျဘမ်း | ကျဘမ်း |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ် အလတ်ရှိ သော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ( %) | ( %) | ( %) | ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လက်လုပ်လက်စားများပြီး ၇၅ % ခန့်သည် ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | အိမ် ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄ | | ဆွေမျိုးမိတ်ဆွေများထံမှချေးယူ |
| ၃ လနှင့် ၆ လအောက် | ၆ | | ချေးယူ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
| --- | --- | --- | --- |
| ၆လ မှ ၁၂ လ အထိ | ၃ | | ချေးယူ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေလုပ်ကိုင်သူနည်းပါးပြီး ကျပန်းအလုပ်လုပ်ကိုင်သူနှင့် များပြားသောကြောင့် စားဝတ်နေရေးအတွက် ခက်ခဲမှုများရှိနေပါသည်။

………………………………………………………………………………………

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
| --- | --- | --- | --- |
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | မရှိ | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | မရှိ | မရှိ | မရှိ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | မရှိ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | ၂ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အိမ်ထောင်စု (၁) စုရှိပါသည်။

………………………………………………………………………………………

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | စပါး၊ဆန်ထွက်ရှိပြီး အလွယ်တကူ ရရှိခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုး ရေ) | နိမ့် | တောင်ပြိုခြင်း၊ ရေကြီးရေလျှံမရှိခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | ကျေးရွာသည် ကုန်းမြင့်ပေါ်တွင် တည်ရှိခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးရေချိန်များပြီး မိုးရွာသွန်းမှု ကောင်းသောကြောင့် |

| စဥ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ရေခဲရေအမှတ်သို့မရောက်ရှိ |
| ၆ | မုန်တိုင်း | နိမ့် | အားပြင်းသောမုန်တိုင်းကျရောက်ခြင်းမရှိပါ |
| ၇ | လျှော် | နိမ့် | လျှော် မကြာခဏလှုပ်ခြင်းမရှိပါ |
| ၈ | မီးဘေး | နိမ့် | ကြိုတင်ကာကွယ်မှုရှိသည် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မြေပြိုခြင်း မရှိသလောက်နည်းပါး |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်ခိုးထုတ်ခြင်း၊တောမီးလောင်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်များဆောင်ရွက် |
| ၁၃ | တီဘီရောဂါ | နိမ့် | ဆေးဝါးအခမဲ့ထုတ်ပေးခြင်းနှင့် ကျန်းမာရေးဟောပြောပွဲများပြုလုပ် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ကူးစက်ခံရခြင်း နည်းပါး |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | လတ် | နွေရာသီတွင်တစ်ခါတစ်ရံကျွဲနွားများခွာနာ၊လျှာနာဖြစ်သောကြောင့် |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ပြည်ပသို့အလုပ်သွားရောက်လုပ်ကိုင်သူနည်းပါး၍ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | လမ်းတံတားများကောင်းသောကြောင့် |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုတွင် ပါဝင်သောအချက်များဖြင့် ဆန်းစစ်ကြည့်လျှင် များသောအားဖြင့် နိမ့်၊ လတ်အဆင့်တို့ကိုသာ တွေ့ရှိရသောကြောင့် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေမရှိပါ။

. (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ပြီး မူးယစ်ဆေးဝါးကင်းရှင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | မရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ကျန်းမာရေးမကောင်း၊ လုပ်ငန်းမရှိ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေ များသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ | နိမ့် | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ပြောင်းခံရသူများ (IDP) | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | တစ်ခါတစ်ရံအလုပ်အကိုင်ပြတ်လပ်၍ ဝင်ငွေအခက်အခဲရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ |
| ၁၅ | ဆေးစွဲသူများ | လတ် | နယ်စပ်နှင့်နီးသောကြောင့် |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ဈေး ရောင်းသူများ | နိမ့် | မရှိ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | နိမ့် | မရှိ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ထိခိုက်သက်ရောက်ခံရနိုင်မှုနည်းပါးကြောင်းတွေ့ရှိရပါသည်

……………………………………………………………………………………

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူငယ်အဖွဲ့ | ၁ | ၃၀ | ၃၂ | ၆၂ | | | ၆ |
| ၂ | ကျေးရွာဂေါပက | ၃ | ၁၀ | | ၁၀ | | | ၆ |
| ၃ | အမျိုးသမီးအဖွဲ့ | ၂ | ၁၄ | | ၁၄ | | | ၆ |
| ၄ | အမျိုးသားအဖွဲ့ | ၂ | ၁၅ | | ၁၅ | | | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၅ | ကိုယ်ထူကိုယ်ထ | ၂ | ၉ | | ၉ | | | ၆ |
| ၆ | တောင်သူလယ်သမား | ၁ | ၂၃ | | ၂၃ | | | ၆ |
| ၇ | ကျောင်းကော်မတီ | ၂ | ၅ | | ၅ | | | ၆ |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့

စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရပ်ရွာအကျိုးဆောင်ရွက်ရန် အသင်းအဖွဲ့များဖြင့် ဖွဲ့စည်း ဆောင်ရွက်ကြပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုအားနည်းသဖြင့် ကျေးရွာတွင် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် နှောင့်နှေးနေပါသည်။

---

**(၂.၁.၂)ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | | ၂ | အမျိုးသမီးသားဆက်ခြား |
| ၂ | PSI | ၁ | ငှက်ဖျားရောဂါတိုက်ဖျက်ရေး |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျန်းမာရေးအတွက် ငှက်ဖျားရောဂါပပျောက်ရေးအစီအစဉ်နှင့် အမျိုးသမီးများကျန်းမာရေး ပညာပေးစောင့်ရှောက်မှု အတွက် မာရီစတုတ်အဖွဲ့မှ ဆောင်ရွက်ပေးနေကြောင်း လေ့လာတွေ့ရှိရပါသည်။ –

---

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | | | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားပြီး ရာသီအလိုက်ကျပန်းအလုပ် လုပ်ကိုင်သူများနှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူပေါ်များပါသည်။

…………………………………………………………………………………………

(၂.၂.၁.၂) **အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင် စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင် | - | - | - | - |

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| | ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | ပုဂ္ဂလိက | ၁၇၈ ဧက | ရာသီအလိုက် | မရှိ |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ချောင်းရေကိုသာ ပုဂ္ဂလိကပိုင်စက်များဖြင့် ရေတင်ကြပြီး ရေသွင်း စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်ပါသည်။

..............................................................................................

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၇၈ | တင်း | ၄၀ | ၇၀ | ၅၀ | ဇွန် | ဒီဇင်ဘာ | လတ် | လတ် | |

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မြေပဲ | ၃၅ | တင်း | ၁၀ | ၂၀ | ၁၅ | နိုဝင်ဘာ | မတ် | လတ် | လတ် | |
| နှမ်း | ၃၀ | တင်း | ၃ | ၇ | ၅ | နိုဝင်ဘာ | မတ် | လတ် | လတ် | |
| မုန်ညင်း | ၁၀ | တင်း | ၂ | ၆ | ၄ | စက်တင်ဘာ | ဒီဇင်ဘာ | လတ် | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် ဆန်စပါးမှာ တစ်ဧကလျှင် (၄၀)မှ(၇၀) တင်းနှင့် မြေပဲတစ်ဧကလျှင် (၁၀)မှ(၂၀) တင်း ၊ နှမ်းတစ်ဧကလျှင် (၃)မှ(၇)တင်းထိထွက်ရှိပြီး သီးနှံထွက်နှုန်းမှာ သင့်တင့်မျှသာ ဖြစ်ပါသည်။

..................................................................................................................................

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | စက်ကိရိယာ ငှားရမ်းလုပ် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|
| | တစ် | အဖွဲ့ပိုင် | ရွာပိုင် | | |

| | ဦးချင်းပိုင် | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | ကိုင်နေသောတောင်သူအရေအတွက် | |
|---|---|---|---|---|---|---|---|
| **ထွန်စက်** | - | - | - | - | - | - | |
| **လက်တွန်းထွန်စက်** | ၁၁ | - | - | - | - | ၁၁ | |
| **အစေ့ချ ကိရိယာ** | - | - | - | - | - | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | - | - | - | - | - | |
| **ရိတ်သိမ်းစက်** | - | - | - | - | - | - | |
| ခြွေလှေ့စက် | - | - | - | - | - | ၂၃ | |
| ရေစုပ်စက် | ၁ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | |
| **မြက်ရိတ်စက်** | ၁ | - | - | - | - | - | |
| **အခြား** | | | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာဝယ်ယူနိုင်မှုနည်းပါးပြီး လုပ်သားငှားရမ်းရာတွင်လည်း လုပ်ခမြင့်တက်သောကြောင့် အခြားရွာပြင်ပမှစက်များ အခကြေးငွေ ပေးကာငှားရမ်းသုံးစွဲကြရပါသည်။ မြက်ရိတ်စက်၊ လက်တွန်းထွန်စက်နှင့်**

ရေစုပ်စက်များ ကိုသာ ကျေးရွာမှ ငွေကြေးအဆင်ပြေသူများ ကပိုင်ဆိုင်ပြီး ကျေးရွာတွင်း အလွယ်တကူငှားရမ်းသုံးစွဲနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ)** | **မြေသစ်ဖော်ထုတ်ရန်မြေနေရာမရှိပါ** |
| **ရေရင်းမြစ်** | **မရှိ** |
